# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၁၆- ၇ - ၂၀၁၂ ]

# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းရွာတွင် ဖွင့်လှစ်ခွင့်ရပြီးသော (၁၆) ခုတင်ဆံ့ ဆေးရုံကို ဆောက်လုပ်ခွင့်ချပေးမည့်အစီအစဉ်အား သိရှိလိုခြင်း** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( ခ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အစိုးရဝန်ထမ်းဆရာဝန်များနည်းတူပြင်ပဆရာဝန်များကို ဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တနင်္သာရီ ပြည်သူ့ဆေးရုံတွင် လူနာများ တက်ရောက်ဆေးကုသမှုခံယူရန် အားကိုး ယုံကြည်မှု မရှိဖြစ်နေသည့် အခက်အခဲကို ကူညီဖြေရှင်းပေးပါရန်နှင့် ခွဲစိတ် ကုသမှု ကျွမ်းကျင်သော ဆရာဝန်တစ်ဦး စေလွှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ဖားကန့်မြို့နယ်အတွင်း ဆေးရုံများ အဆင့်တိုးမြှင့်မှု** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မြို့တွင်းပြေးဆွဲနေသော ဘတ်စ်ကားများနှင့် အဝေးပြေး ခရီးသည်တင်ယာဉ် များတွင် ထိုင်ခုံနေရာများ ကြပ်ညပ်စွာ စီစဉ်ထားရှိခြင်း အပါအဝင် ခရီးသည်တင်ယာဉ်တစ်စီး၏ စံနှုန်းနှင့်ကိုက်ညီမှုမရှိသည်များကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လက်ပံတန်း- သာရဝေါ ရထားလမ်း သံလမ်းများပိုမိုတောင့်တင်းရေးအတွက် ရထားလမ်း ဆိုးသောနေရာအချို့ကို အချိန်မီ ပြုပြင်နိုင်ခဲ့သော်လည်း ကျန်နေရာများ ပြုပြင်ရန် လမ်းခင်းကျောက် ရထားတွဲ(၂၁)တွဲခန့် လတ်တလော လိုအပ် နေပါသဖြင့် ပို့ဆောင်ပေးနိုင်မည့် ခန့်မှန်းအချိန်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။